# ကပ်ပြီးရင် မကိုင်နဲ့...

ဗုဒ္ဓဘာသာ မြန်မာများရဲ့ အိမ်တွေမှာ ဆွမ်းစားပင့်လို့ ကြွ ရောက်တဲ့အခါ ဆွမ်းကပ်ပြီးတာနဲ့ မကြာမကြာ ကြားရတဲ့ စကားတစ်ခွန်းက "ဟဲ့...ဟဲ့... ကပ်ပြီးရင် မကိုင်နဲ့တော့၊ ကိုင် လို့မရတော့ဘူး.." ဆိုတဲ့ စကားပဲ ဖြစ်ပါတယ်။ ဘာကြောင့် ဘာဖြစ်လို့ဆိုတဲ့ တိကျတဲ့ အကြောင်းပြချက် မရှိဘဲ ကြားဖူး နားဝနဲ့ တစ်လွဲနားလည် အသုံးပြုနေကြသလို ဖြစ်နေပါတယ်။ ဆွမ်းကပ်ပြီးမှကိုင်ရင် အကပ်ပျက်ပြီး သံဃာတော်များ မဘုဉ်း ပေးရမှာ စိုးလို့လား၊ ကပ်ပြီးမှ ကိုင်ရင် ဂိနည်းတော်အရ အာပတ်သင့်မှာ စိုးလို့လား ဘာရယ်ကြောင့်မသိ။ အဖြေက တိတိကျ မရှိဘဲ ဖြစ်နေပါတယ်။ တစ်လောကပဲ ကျောင်းမှာ ဆွမ်းလာကပ်တုန်း ဆွမ်းကပ်ပြီးတော့ ဒကာလေး တစ် ယောက်က အပေးက ဟင်းခွက်လေးတွေ နီးအောင် ရွှေ့ပေး နေတာကို အနီးမှာ ရှိနေတဲ့ ဒကာမက "ဟဲ့..ဟဲ့... ကပ်ပြီးရင် မကိုင်တော့နဲ့"လို့ ပြောသံကြားလိုက်ရလို့ အကျိုးအကြောင်း ရှင်းပြလိုက်ရပါသေးတယ်။

တကယ်တော့ ကပ်ပြီးရင် ကိုင်လည်းပဲ အကပ်ပျက်မှု မပျက်မှု က အကပ်ခံတဲ့ သံဃာတော်နဲ့ပဲ သက်ဆိုင်ပါတယ်။ ဘုဉ်းကြီး တွေ ဆွမ်းဘုဉ်းပေးနေချိန်မှာ ဟိုဟာထည့် ဒါထည့် ဟိုကြား ဝင် ဒီကြားဝင် လုပ်တဲ့အခါ ဆွမ်းဘုဉ်းပေးတဲ့ ရဟန်းတော်တွေ ကျဉ်းကြပ်မှာစိုးလို့ မကိုင်ခိုင်းဘဲ ဘေးကနေ လိုအပ်တာ လုပ် ပေးဖို့ ပြောတာဆိုရင်တော့ ဘာမှအထူး ပြောစရာ မရှိပါဘူး။ အဲလိုမှ မဟုတ်ဘဲ ဆွမ်းကပ်ပြီး ကိုင်ရင် အကပ်ပျက်ပြီး မဘုဉ်းပေးကောင်းမှာ စိုးလို့ဆိုရင်တော့ လွဲနေပါတယ်။

ဂိနည်းတော်မှာ ဆွမ်းစတာတွေ ကပ်ပြီးရင် အကပ်ပျက်နိုင်တဲ့ အကပ်ပျက်ကြောင်း အင်္ဂါ (၆)ပါးကို ဖော်ပြထားပါတယ်။ ဒီ အကပ်ပျက်ကြောင်း အင်္ဂါခြောက်ပါးကတော့

(၁) အကပ်ခံတဲ့ရဟန်းက ငြိကပ်တွယ်တာမှု မရှိ၊ အာလယ ပြတ် စွန့်လိုက်ခြင်း

(၂) အကပ်ခံတဲ့ ရဟန်းက သိက္ခာချ လူထွက်သွားခြင်း

(၃) အကပ်ခံထားတဲ့ ရဟန်းကိုယ်တိုင်က ကပ်လှူထားသည့် များကို သူတစ်ပါးအား ပေးလိုက်ခြင်း

(၄) ကပ်လှူထားသည့်များကို လူစသည်တို့က လုယူထွက်ပြေး သွားခြင်း

(၅) အကပ်ခံပုဂ္ဂိုလ် သေဆုံးသွားခြင်းနဲ့

(၆) လိင်ပြန်သွားခြင်း တို့ပဲ ဖြစ်ပါတယ်။

ဒီအင်္ဂါခြောက်ပါး တစ်ပါးပါး ငြိစွန်းနေရင်တော့ အကပ်ပျက်ပါ တယ်။ အဲလိုမှ မဟုတ်ရင်တော့ ကပ်ပြီးသားကို ကိုင်ခြင်း ကြောင့် အကပ်မပျက်ပါဘူး။ အခြေအနေအရ သံဃာတော် များရဲ့ ခွင့်ပြုချက်ကို ယူပြီးအနီးကပ် ပြုစုလှူဒါန်းနိုင်ပါတယ်။ တစ်ချို့ ဆရာတော်ကြီးများကတော့ ဟိုကိုင်ဒီကိုင် ဟိုထည့် ဒီ ထည့် လုပ်ပေးတာ မကြိုက်တတ်တဲ့အတွက် ခွင့်ပြုချက်ကို မေးပြီး ဆက်ကပ်လှူဒါန်းပေးတာ ကောင်းပါတယ်။ သေချာ တာကတော့ ကပ်ပြီးရင် မကိုင်ကောင်းဘူးဆိုတဲ့ အချက်က တော့ မဟုတ်ဘူးဆိုတာပါ။

ဒါကြောင့် လူတွေကြားမှာ ကြားကြားနေရတဲ့ ဒီလိုဘာမှန်း မသိဘဲ ရှေးရှေးကတည်းက စွဲလာခဲ့တဲ့ နားလည်မှု အသိတွေ ကြောင့် ပြောဆိုသုံးနှုန်း နေကြတာတွေဟာ လွဲနေတတ်တဲ့ သဘောလေးတွေ ရှိတတ်တဲ့အတွက် သတိပြု ဆင်ခြင်နိုင်ဖို့ လွဲချက်လေးကို ထုတ်နုတ်တင်ပြ အသိပေးရခြင်း ဖြစ်ပါတယ်။ ဒီတင်ပြချက်လေးများကို မှတ်သားပြီး ပြုပြင် ဆင်ခြင်ကြဖို့ လည်း တိုက်တွန်းလိုပါတယ်။

စာရေးသူ = အရှင်ဂိစိတ္တ (မနာပဒါယီ) ။